ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၉ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**
**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် စပါး ဆန်နှင့် ပဲမျိုးစုံကြိတ်ခွဲစက်များ တည်ဆောက်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာ အမိန့်အမှတ် (၁/၈၉) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန (ယခင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး) မှ ထုတ်ပြန်ခဲ့သည့် ဆန်စက်များ တည်ဆောက် ခြင်း၊ မှတ်ပုံတင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာ ညွှန်ကြားစာအမှတ် (၁/၈၉) ၊ တည်ဆောက်ပြီး ဆန်စက်များ မှတ်ပုံတင်ရန်အတွက် ညွှန်ကြားစာအမှတ် ( ၂/ ၈၉)၊ ပဲခွဲစက်များ တည်ဆောက်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းကိစ္စများအတွက် ညွှန်ကြားစာ အမှတ် (၃/၈၉) ညွှန်ကြားစာများတွင် ပါရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက် ပေးလျက်ရှိရာ ဆန်စက်၊ ပဲခွဲစက်များ မှတ်ပုံတင်သက်တမ်းတိုး လဲလှယ်ရာတွင် ပေးဆောင်ရမည့် မှတ်ပုံတင်ကြေးများမှာ ၁၉၈၉ ခုနှစ်က သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် သက်တမ်းအားဖြင့် (၂၈) နှစ်မျှ ကြာမြင့်ခဲ့ပြီးဖြစ်၍ လက်ရှိ မှတ်ပုံတင်နှုန်းထားများအား ကာလငွေကြေးတန်ဖိုး အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခ များ ရရှိစေရန် ဆန်စက်များ၏ စက်စွမ်းအားအလိုက် အောက်ပါအတိုင်း တိုးမြှင့်ပြင်ဆင်သတ်မှတ် လိုက်သည် -

| စဉ် | စက်စွမ်းအား | ပြင်ဆင်သတ်မှတ်သင့်သည့် နှုန်းထား (ကျပ်) |
|---|---|---|
| (က) | **ဆန်စက်များ** | |
| (၁) | ဟာလာဆန်စက်ငယ်များ (၁၄ တန်နှင့်အောက်) | ၅၀၀၀ |
| (၂) | ၂၄ နာရီ ဆန်တန် ၁၅ မှ ၂၀ ထိ ကြိတ်ခွဲနိုင်သည့်စက် | ၂၀၀၀၀ |
| (၃) | ၂၄ နာရီ ဆန်တန် ၂၁ မှ ၄၀ ထိ ကြိတ်ခွဲနိုင်သည့်စက် | ၂၅၀၀၀ |
| (၄) | ၂၄ နာရီ ဆန်တန် ၄၁ နှင့်အထက် ကြိတ်ခွဲနိုင်သည့်စက် | ၃၀၀၀၀ |

(ခ) ပဲခွဲစက်များ ၁၀၀၀၀

(ဂ) လျှောက်လွှာပုံစံ (၁) စုံ ၃၀၀

(ဃ) ဝန်ဆောင်စရိတ် ၅၀၀၀
(စာရွက်စာတမ်းနှင့် ဝန်ထမ်းအင်အားအသုံးပြု၍ စစ်ဆေးရသည့် ဝန်ဆောင်စရိတ်)

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၁၈ / ၂၀၁၈ ( ၅ )
ရက်စွဲ ၊ ၂ ၀ ၁ ၈ ခုနှစ်၊ မတ်လ ၂၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်